# Myanmar – EU Trade Helpdesk

## အီးယူပို့ကုန်စျေးကွက်လေ့လာချက် - ဂျက်ကက်အင်္ကျီများ

### မြန်မာ့ဂျက်ကက်အင်္ကျီများ

ဂျက်ကက်အင်္ကျီဆိုသည်မှာ ခန္ဓာကိုယ်အပေါ်ပိုင်းအတွက် သဘာဝချည်မျှင် သို့မဟုတ် လူလုပ်ချည်မျှင်ဖြင့် ချုပ်လုပ်ထားသော (သို့မဟုတ်) နှစ်ခုပေါင်းစပ်ချုပ်လုပ်ထားသောခါးအလယ်အရှည်ရှိအပေါ်ထပ် အနွေးထည်တစ်မျိုးဖြစ်သည်။မြန်မာနိုင်ငံတွင်ချုပ်လုပ်သော ဂျက်ကက်အင်္ကျီများစုသည်သိုးမွေးသို့မဟုတ်ဝါချည် မှတစ်ပါးအခြားသောချည်မျှင်များမှချုပ်လုပ်သည့်ဆောင်းတွင်းဝတ်ရေစိုခံအင်္ကျီများဖြစ်သည်။စာရင်းအင်းဆိုင်ရာအချက်အလက်များအရ HS-Code လေးမျိုးမှာ အမျိုးသားဝတ်အင်္ကျီများ ၆၂၀၁၉၃-အခြား ချည်မျှင်များ၊ ၆၂၀၁၉၉- လူလုပ်ချည်မျှင်နှင့် အမျိုးသမီးဝတ် အင်္ကျီများ၊ ၆၂၀၄၁၉- လူလုပ်ချည်မျှင် နှင့် ၆၂၀၄၁၃ - အခြား ချည်မျှင်များ ဟူ၍ဖြစ်သည်။

မြန်မာနိုင်ငံချုပ်ဂျက်ကက်အင်္ကျီများ



*ဓာတ်ပုံ ။ ။ Andrew Marc*

မြန်မာနိုင်ငံ၏အထည်ချုပ်လုပ်ငန်းကဏ္ဍသည် အလျင်အမြန်ကြီးထွားလျက်ရှိသည်။ ယင်းကဏ္ဍသည် ကျော်ကြားသော နိုင်ငံတကာအမှတ်တံဆိပ်များစွာကိုဆွဲဆောင်လျက်ရှိသည့်အပြင် နိုင်ငံ၏ဒုတိယအကြီးဆုံးပို့ကုန်တင်ပို့သည့်ကဏ္ဍအဖြစ်လည်း ကိုယ်စားပြုနေပါသည်။ လက်ရှိအချိန်တွင် SMART Myanmar စီမံကိန်းအရ မြန်မာနိုင်ငံ၌ လုပ်ငန်းလည်ပတ်လျက်ရှိသော အထည်ချုပ်စက်ရုံပေါင်း (၄၉၀) ဝန်းကျင်ခန့်ရှိပါသည်။ မြန်မာနိုင်ငံ၏အထည်ချုပ်လုပ်ငန်းကဏ္ဍသည် တန်ဖိုးနည်းနည်း၊ အရေအတွက်များများ ထုတ်လုပ်ရသည့်မျိုးမဟုတ်ဘဲ ဂျက်ကက်အင်္ကျီများကဲ့သို့ အရည်အသွေးမြင့်အဝတ်အထည်များအား အထူးပြုထုတ်လုပ်သွားရန်တာစူနေပါသည်။

### အီးယူဂျက်ကက်အင်္ကျီများစျေးကွက်

အီးယူသည် ဂျက်ကက်အင်္ကျီများအတွက် ကမ္ဘာ့အကြီးဆုံးသောစျေးကွက်ကြီးဖြစ်သည်။ ၂၀၁၃ ခုနှစ်မှစတွက်ကြည့်လျှင် အီးယူ၏ဂျက်ကက်အင်္ကျီများတင်သွင်းမှုသည် အရည်အသွေးအရရော၊ အရေအတွက်အရရော နှစ်စဉ်ပျှမ်းမျှ (၄) ရာခိုင်နှုန်းတိုးတက်လျက်ရှိသည်။ ယင်းအချက်က တည်ငြိမ်နေသည့်သွင်းကုန်စျေးနှုန်းများကိုညွှန်ပြနေပါသည်။

အီးယူ၏တင်သွင်းမှုများအနေဖြင့် ၂၀၁၇ ခုနှစ်တွင် ယူရို (၂.၆) ဘီလီယံအထိရောက်ရှိခဲ့ပါသည်။ တင်သွင်းမှုများဆက်လက်မြင့်တက်မည်ဟုမျှော်မှန်းထားရာ အထူးသဖြင့် အီးယူအဖွဲ့ဝင်သစ်နိုင်ငံများ စီးပွားရေးတိုးတက်မည်ဟူသောခန့်မှန်းချက်ကြောင့်ဖြစ်သည်။

အီးယူပြင်ပနိုင်ငံများမှတင်သွင်းရာတွင် မြန်မာနိုင်ငံ၌ အဓိကချုပ်လုပ်တင်ပို့နေသောဂျက်ကက်အင်္ကျီအမျိုးအစားများသည် ၂၀၁၇ ခုနှစ်တွင် အထည်ရေ (၄၇) သန်းကျော်ရှိခဲ့သည်။ ယင်းတို့အနက်သုံးပုံနှစ်ပုံခန့်မှာ အမျိုးသမီးဝတ်ပုံစံများဖြစ်ကြသည်။

(ပုံ - ၁) အီးယူ၏ဂျက်ကက်အင်္ကျီများတင်သွင်းမှု (ယူရိုထောင်ပေါင်း)




*ရည်ညွှန်း ။ ။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန(ITC) Trade Map ၊ ၂၀၁၈*

ဂျက်ကက်အင်္ကျီများသည် ရာသီအလိုက်ထုတ်ကုန်အမျိုးအစားတစ်မျိုးဖြစ်ပြီးဆောင်းတွင်းဝတ်အင်္ကျီများဟုသတ်မှတ်ပါသည်။ ဝတ်ဆင်သူများသည် ဆောင်းဦးကာလ၌ (စက်တင်ဘာလ မှ နိုဝင်ဘာလအထိ) ဝယ်ယူလေ့ရှိသော်လည်း တင်သွင်းမှုအနေဖြင့်မူ အင်္ကျီများကိုအီးယူသို့ နွေရာသီလများအတွင်း၌ မှာယူလေ့ ၊ ပေးပို့လေ့ရှိကြပါသည်။

Operated by

Supported by

# Myanmar – EU Trade Helpdesk

## **အီးယူမှအလားအလာရှိသောရည်မှန်းဈေးကွက်များ**

ဂျက်ကက်အင်္ကျီများအတွက်အီးယူဈေးကွက်သည် ကျဲပြန့်လျက်ရှိသည်။ ဈေးကွက်အား မည်သည့်တစ်နိုင်ငံတည်းကမျှ လွှမ်းမိုးထားခြင်း မရှိပါ။ ဂျက်ကက်အင်္ကျီများအတွက် အကြီးမားဆုံးသောအီးယူဈေးကွက်မှာ ဂျာမနီ ဖြစ်ပြီး ယင်းနောက်မှ ယူကေ၊ ပြင်သစ်၊ စပိန် နှင့် နယ်သာလန် နိုင်ငံတို့ ဖြစ်ကြသည်။ ဈေးကွက်သို့ဝင်ရောက်ရန်အသုံးအပြုဆုံး နည်းလမ်းမှာ တစ်ဆင့်ခံ ကန်ထရိုက်ချုပ်ဆိုခြင်းဖြစ်သောကြောင့် ပို၍ကြီးမားသည့် ဈေးကွက် များအတွင်း မိတ်ဖက်အဖြစ်လုပ်ကိုင်မည့်သူများ အထူးသဖြင့် မြန်မာနိုင်ငံတွင်ရှိပြီးဖြစ်သော မိတ်ဖက်အဖြစ် ဆောင်ရွက်မည့်သူများ အားရှာဖွေခြင်း စတင်ပြုလုပ်ရန် အကြံပြုအပ်ပါသည်။

မြန်မာနိုင်ငံမှတင်ပို့သူများအနေဖြင့် သေးငယ်သော်လည်း အလျင်အမြန်ကြီးထွားနေသည့်အခြား ဈေးကွက်များ၌လည်း အခွင့်အလမ်းများ ရှာဖွေနိုင်ပါသေးသည်။ သဘာဝချည်မျှင် သို့မဟုတ် လူလုပ်ချည်မျှင်များဖြင့်ချုပ်လုပ်ထားသည့် ဂျက်ကက်အင်္ကျီများအတွက် အလျင်မြန်ဆုံးကြီးထွားနေသည့်ဈေးကွက်မှာ ချက်သမ္မတနိုင်ငံဖြစ်ပြီး တင်သွင်းမှုနှစ်စဉ်ပျှမ်းမျှတိုးတက်နှုန်းမှာ (၁၆) ရာခိုင်နှုန်းဖြစ်သည်။ ချက်သမ္မတနိုင်ငံသည် ယင်း၏တင်သွင်းမှုများကို ၂၀၁၃ ခုနှစ်တွင် ယူရို (၁၉) သန်းမှ ၂၀၁၇ ခုနှစ်တွင် ယူရို (၃၅) သန်းအထိ တိုးတက်စေခဲ့ပါသည်။

(ပုံ - ၂) ၂၀၁၇ ခုနှစ် ၊ အီးယူ၏ဂျက်ကက်အင်္ကျီများတင်သွင်းမှု (တင်သွင်းမှုတန်ဖိုးအလိုက်)




*ရည်ညွှန်း ။ ။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (ITC) Trade Map ၊ ၂၀၁၈*

## **အီးယူဈေးကွက်လက္ခဏာရပ်များ**

အီးယူ၏ အထည်အလိပ်နှင့်အဝတ်အထည်လုပ်ငန်းကဏ္ဍသည် ကမ္ဘာ့ဈေးကွက်တွင်ဦးဆောင်နေပါသည်။ ဤသို့ကမ္ဘာလုံးဆိုင်ရာဦးဆောင်သူနေရာမှရှိနေခြင်းသည် လုပ်ငန်းများအနေဖြင့် အရည်အသွေးကောင်းမွန်မှုအပေါ်အာရုံစိုက်မှု၊ လိုအပ်သလိုပြင်လွယ်ပြောင်းလွယ် ရှိမှု၊ ဈေးကွက်အပေါ်မူတည်ကာ မိမိ၏ဖွဲ့စည်းမှုပုံစံကို စဉ်ဆက်မပြတ်အလိုက်သင့်ပြောင်းလဲမှုနှင့် အသစ်အသစ်သော လိုအပ်ချက်များအား ဖြည့်ဆည်းနိုင်သည့် ထုတ်ကုန်အသစ်များတီထွင် ကြံဆထုတ်လုပ်နိုင်မှုကြောင့်ဟု (စက်မှုဘက်ဆိုင်ရာအသုံးချမှုများအတွက် နည်းပညာပိုင်းဆိုင်ရာအထည်အလိပ်များကဲ့သို့) မှတ်ယူနိုင်ပါသည်။ အရှေ့ဥရောပနိုင်ငံများသည် အီးယူကုမ္ပဏီများထုတ်လုပ်နေသော အဝတ်အထည်များအတွက် အရေးပါသည့်နေရာများဖြစ်လာကြသည်။

ထိုသို့ဖြစ်ရခြင်းမှာ ၎င်းတို့၏အရည်အချင်းပြည့်မီသောလုပ်သားထု၊ ဖွံ့ဖြိုးပြီးအခြေခံအဆောက်အအုံများ၊ အတန်ငယ်မြင့်မားသည့် လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာစံနှုန်းများအပြင် အချိန်တိုအတွင်းအပ်နှံနိုင်စွမ်းရှိမှုများကြောင့်ဖြစ်သည်။

အီးယူသို့ ဂျက်ကက်အင်္ကျီများအားပြင်ပမှအဓိကတင်ပို့ရောင်းချနေသူမှာ တရုတ်နိုင်ငံဖြစ်ပြီး အီးယူပြင်ပမှစုစုပေါင်းတင်ပို့ရောင်းချနေမှုများ၏ (၄၅) ရာခိုင်နှုန်းနီးပါးခန့်ရှိသည်။ သို့သော် တရုတ်နိုင်ငံအနေဖြင့် အီးယူဈေးကွက်ဝေစုအား ဆုံးရှုံးလျက်ရှိရာ ထုတ်လုပ်မှုသည် ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ် သို့မဟုတ် ကမ္ဘောဒီးယားကဲ့သို့ ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာသည့်နိုင်ငံများသို့ ရွှေ့ပြောင်းလျက်ရှိသည်။

(ပုံ - ၃) အီးယူသို့ ဂျက်ကက်အင်္ကျီများဦးဆောင်တင်သွင်းနေသည့်နိုင်ငံများ (ယူရိုထောင်ပေါင်း)




*ရည်ညွှန်း ။ ။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (ITC) Trade Map ၊ ၂၀၁၈*

အီးယူမှ တင်ပို့ရောင်းချသူအများစုသည် ဂျက်ကက်အင်္ကျီများကို အဓိကအားဖြင့် ဂျာမနီနှင့် ယူကေသို့ တင်ပို့ရောင်းချကြသည်။ သို့သော် မော်ရိုကိုနှင့်တူရကီအတွက် အီးယူအတွင်းအဓိကတင်ပို့ရာနိုင်ငံမှာ စပိန်နိုင်ငံဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ (Zara ကဲ့သို့ အမှတ်တံဆိပ်များစွာပါဝင်သည့်) စပိန်အခြေစိုက်လက်လီရောင်းချရေးအုပ်စု Adidas ၏ အရေအတွက် များပြားလှသော တစ်ဆင့်ခံကန်ထရိုက်အပ်နှံမှုများကြောင့် ဖြစ်သည်။

အီးယူသို့ ဂျက်ကက်အင်္ကျီများအဓိကတင်ပို့ရောင်းချနေသူများအနက် မြန်မာနိုင်ငံသည် ပို့ကုန်တင်ပို့မှုတိုးတက်နှုန်းထားအမြင့်ဆုံးဖြစ်ကြောင်း ၂၀၁၃ ခုနှစ် နှင့် ၂၀၁၇ ခုနှစ်အကြား (၅) ဆခန့်တက်လာသည်ဟု ယင်း၏ပို့ကုန်တန်ဖိုးများအရသိရသည်။

Operated by

Supported by

## အီးယူဈေးကွက်ဝင်ရောက်မှုဆိုင်ရာလိုအပ်ချက်များ

- ကိုယ်ခန္ဓာပိုင်းဘေးကင်းလုံခြုံမှု (အထူးအားဖြင့် ကလေးဝတ် ဂျက်ကက်အင်္ကျီများ) နှင့် အဝတ်အထည်၌ ပါဝင်ပစ္စည်းပေါင်းစပ် ပါဝင်မှု (ဆိုးဆေးများနှင့်အခြား ဓာတုပစ္စည်းများဆိုင်ရာအမြင့်ဆုံး ပမာဏများ) အရ ထုတ်ကုန်ပစ္စည်းများအားလုံး ဘေးကင်းလုံခြုံမှု ရှိရမည်ဖြစ်သည်။
- အဝတ်အထည်ရှိ ချည်မျှင်ပေါင်းစပ်ပါဝင်မှု၊ မှန်ကန်သည့် ဂရုပြုမှုနှင့် အရွယ်အစားတို့ကိုဖော်ပြထားသော အညွှန်းစာများ ပါရှိရမည် ဖြစ်သည်။
- အီးယူအဝတ်အထည်ဈေးကွက်များ၌ လူမှုရေးဆိုင်ရာစံနှုန်းများနှင့် ကြိုတင်ကြိုးပမ်းအားထုတ်မှုများမှာ အလွန်ပင်အရေးပါလှသည်။ ထို့အပြင် မျှတမှုရှိသော အလုပ်လုပ်ကိုင်မှုအခြေအနေများ၊ အနိမ့်ဆုံးလုပ်ခလစာများ၊ လုပ်ငန်းခွင်ဆိုင်ရာဘေးကင်းလုံခြုံမှု များရှိရမည်ဖြစ်ပြီး ကလေးသူငယ်အလုပ်သမားနှင့်အဓမ္မခိုင်းစေမှု တို့ကိုလည်းတားမြစ်ပိတ်ပင်ထားသည်။

## အီးယူတွင် ဝယ်သူမည်သို့ရှာမည်နည်း

သင်သည် အီးယူမှအလားအလာရှိသောဝယ်သူများကို အောက်ပါကဲ့သို့ သတင်းအရင်းအမြစ်အမျိုးမျိုးမှတစ်ဆင့် ရှာဖွေတွေ့ရှိနိုင်သည် -

- **ကုန်စည်ပြပွဲများ** - CIFF(နှစ်စဉ် ၊ ဒိန်းမတ်) Première Vision(နှစ်စဉ် ၊ ပြင်သစ်) ၊ PittiImmagine (နှစ်စဉ်၊ အီတလီ)
- **အသင်းအဖွဲ့များ၏အသင်းဝင်များစာရင်း** - အပြည်ပြည်ဆိုင်ရာ အဝတ်အထည်အဖွဲ့ချုပ် (International Apparel Federation) ၊ဂျာမန်အဝတ်အထည် + ဖက်ရှင်အဖွဲ့အစည်း (German Textile + Fashion Confederation) ၊ ယူကေဖက်ရှင်နှင့် အထည်အလိပ် အသင်း (UK Fashion & Textile Association)
- **အထူးအွန်လိုင်းဈေးကွက်နေရာများ** - Fibre2Fashion၊just-style ၊ sportstextiles

## ဆက်သွယ်ရန်

မြန်မာ-အီးယူကုန်သွယ်မှုအကူအညီပေးရေးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
အမှတ် ၂၂၈ - ၂၄၀ ၊ ကမ်းနားလမ်း၊ ဒုတိယထပ်
ရန်ကုန်၊ မြန်မာ။
အီးမေးလ်-mmeu.tradehelpdesk@gmail.com

*ယခုထုတ်ဝေမှုကို ဥရောပသမဂ္ဂ၏ရန်ပုံငွေအထောက်အပံ့ဖြင့် ပြုလုပ်ပါသည်။ ပါရှိသောအကြောင်းအရာများနှင့်ပတ်သက်၍ ရေးသားသူ (Aleksandar Jovanovic) ထံတွင် အလုံးစုံတာဝန်ရှိပြီး ဥရောပသမဂ္ဂ သို့မဟုတ် အခြားမည်သည့်အဖွဲ့အစည်း၏အမြင်ကိုမျှလုံးဝထင်ဟပ်ခြင်း မရှိပါ။*

*စက်တင်ဘာ ၂၀၁၈*

Operated by

Supported by

EUROPEAN UNION